## မဆုံခဲ့ကြရင် အကောင်းသား

❋ ညီမလေးရေ
ရှေးရေစက်ကံ ၊ အကြောင်းဖန်လို့
သံသရာတစ်ကွေ့ ၊ တို့ဆုံတွေ့ရ
မေ့ကြဖို့မှ ဟုတ်ဘဲလေ။

❋ ဆုံရတော့လည်း ၊ ခဏပဲနော်
ခွဲခွာပြန်ရ ၊ တစ်ဘဝလုံး
မုန်းကြလို့တော့ ဟုတ်ဘဲလေ။

❋ မမုန်းကြဘဲ ၊ ကိုယ်တို့ခွဲ
မမေ့ကြဘဲ ၊ ကိုယ်တို့လွဲ
အစကတည်းက မတွေ့ချင်နေ။
ဖူးစာမပါသော ရေစက်ပေ။
ခုတော့ ခုတော့ ညီမလေးရေ. . .။ ။



## အိပ်မက်တစ္ဆေ

❋ မင်းရဲ့ အသံ
မင်းသဏ္ဍာန်တို့
ကိုယ့်အိပ်မက်ထဲ
အမြဲရောက်လာ
လိပ်ပြာလှန့်နိုး
တစ်ရေးနိုးခိုက်
လိုက်ဖိုနေခက်
အိပ်မက်ထဲက ချစ်တစ္ဆေ. . .။ ။